## ဗကပ အကြောင်း လေ့လာပြီး ပြန်ကြားသူများရဲ့စကားဝိုင်းနဲ့ ပတ်သက်တဲ့

## ဗကပ ရဲ့ မှတ်ချက်

(၂၂ မေ၊ ၂၀၁၀)

(၁) မိတ်ဆွေတယောက်က "ဗကပ အကြောင်း မြတ်ခိုင်ရေးတယ်။ ဂျာနယ်တခုမှာ ပါတယ်။ စာအုပ်ကလေးတအုပ်လောက် ရှိတယ်" ဆိုတဲ့သတင်း ကြားရတော့ -

တော်တော်ကို အံ့သြသွားတယ်။ မြတ်ခိုင်က ဗကပ နဲ့ မပတ်သက်ဖူးဘူး။ သူ့မှာရေးစရာ အချက်အလက် မရှိဘူး။ ထောက်လှမ်းရေးက သိမ်းပြီးထားတဲ့ မှတ်တမ်းမှတ်ရာတွေ အခြေခံပြီးရေးတာလား၊ ဒါမှမဟုတ် မြတ်ခိုင်ကို နာမည်ခံစေပြီး ရုံးဒိုးစာရေးဆရာ ထောက်လှမ်းရေးအရာရှိကြီးက ရေးတာလား စသဖြင့် စဉ်းစားမိတယ်။

မကြာပါဘူး မော်နီတာဂျာနယ်ဆိုတာကို ရတယ်။ အဲဒီကျမှ ရှင်းသွားတယ်။ 'ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ကြသည့် တော်လှန်ရေးသမားဟောင်းကြီးများ' လို့ ခေါင်းစဉ်းပေးထားတယ်။ တကယ်ကတော့ ကိုစန်းငွေနဲ့သခင်တင်မြတို့ရဲ့ စကားဝိုင်းပဲ။ အထူးသဖြင့် စန်းငွေ (ကိုကိုမောင်) ရဲ့ ဟောပြောသင်တန်းပေးပွဲ ဖြစ်နေတာ တွေ့ရတယ်။

ဒဂုန်တာရာကို တရားနာပရိသတ်အဖြစ်ပဲ သဘောထားကြတာပါ။ မြတ်ခိုင်က ဘယ်လိုပြောပြီး၊ ဘယ်လိုဖိတ်ခဲ့သလဲတော့ မသိဘူး။ ဒဂုန်တာရာက တော်လှန်ရေးသမားဟောင်းလည်း မဟုတ်ဘူး။ နိုင်ငံရေးသမားလည်း ဘယ်တုန်းကမှ မလုပ်ခဲ့သူပဲ။ ကိုဗဟိန်းက စည်းရုံးခဲ့ပေမယ့် နိုင်ငံရေးသမား မလုပ်ခဲ့တာကို ကျွန်တော်တို့ နားလည်တယ်။ ကိုဗဟိန်းတောင် လက်လျှော့မှတော့ ကျွန်တော်တို့ လုပ်လို့ရပ့ါမလား။ သူက အဲဒီစကားဝိုင်းမှာ တရားနာပရိသတ်သက်သက်ဖြစ်နေတာ တွေ့ရတယ်။ တခါတခါကျမှ ချက်ကျတဲ့ မှတ်ချက်တိုကလေးပေးတာ တွေ့ရတယ်။ ကောင်းတယ်။

သခင်လှကွန်းကလည်း သိပ်မပြောနိုင်ဘူး။ ကိုချစ်လှိုင်ကို လွှတ်ပေးထားလိုက်တဲ့ သဘောပဲ။ တခါတလေပဲဝင်ပြီး ဟာသနှော အရွှန်းဖောက်ပေးတာ တွေ့တယ်။

သခင်တင်မြကတောင် သိပ်ပြီးမပြောဘူး။ သူပိုင်တဲ့ ဘာသာရပ်မဟုတ်မှန်း သိပုံပေါ်တယ်။ သူ့မှာ "ဗကပ" နဲ့ ပတ်သက်ပြီး ပြောစရာမရှိဘူး။ ရှေးဟောင်းနှောင်းဖြစ်ပဲ ပြောစရာရှိတယ်။ ပြောတယ်။

'စကားဝိုင်း' နဲ့တောင် မတူပါဘူး။ စိတ်ဓာတ်စစ်ဆင်ရေးဌာနလက်ဟောင်း မဆလ ရဲ့ သဘောတရားဆရာ ကိုချစ်လှိုင်ရဲ့ ဟောပြောပို့ချပွဲပဲ။

မဆလ က သူ့ဟာသူ အသက်အောင့်ပြီး သေလိုက်တာလို့ ရေးခဲ့တာကို သူက ဒီမှာထပ်ပြောပြန်တယ်။ လည်ပင်း အညှစ်ခံရလို့ သေတာကို ဖွတ်ငြင်းပြီး သူ့ဟာသူသတ်သေတာလို့ ပြောတယ်။ ဒီစကားမျိုးကို နေဝင်း၊ သန်းရွှေ စစ်အုပ်စုဝင် ဘယ်သူမှ မပြောဝံ့ဘူး။ ချစ်လှိုင်ပဲ ပြောနေတာပဲ။`

တကယ်တော့ အဲဒီစကားဝိုင်းက သခင်စိုးရဲ့ 'လယ်တဲကွန်ဂရက်' မှာ တက်ခဲ့တဲ့ သခင်စိုးဆက်သား (၂) ယောက်ရဲ့ စကားဝိုင်းပါ။ 'လယ်တဲကွန်ဂရက်' မှာ (၆) ယောက်ပဲ တက်တယ်ဆိုတော့ အခု (၂) ယောက်က လက်ကျန်သုံးပုံတပုံပေ့ါ။

ကိုချစ်လှိုင်ကတော့ 'မဆလ' ရဲ့ အမာခံလက်ကျန်အဖြစ်ပါ ရပ်တည်နေပုံပေါ်တယ်။ သူ့ကို 'တစည' ကတော့ မသုံးဘူး။ မသုံးဝံ့တာလည်း ဖြစ်နိုင်တယ်။ မယုံတာလည်း ဖြစ်နိုင်တယ်။ အထမ်းထက် အဆွဲလေးမှာလည်း သိပုံပေါ်တယ်။

(၂) တရုတ်ပြည်ကွန်မြူနစ်ပါတီအကြောင်းကို အဓိကထားပြီးပြောကြတာ တွေ့ရတော့ တော်တော်အံ့အားသင့်မိတယ်။ သူတို့ "လယ်တဲကွန်ဂရက်" လက်ကျန် (၂) ယောက်စလုံးမှာရော ကိုလှကွန်းမှာပါ တရုတ်ကွန်မြူနစ်ပါတီနဲ့ ဆက်ဆံဖူးတဲ့ အတွေ့အကြုံ နည်းနည်းမှ မရှိကြဘူး။ ပြီးတော့လည်း အဲဒီပါတီရဲ့စာစောင်စာတမ်းကို အလေးအနက် ဖတ်ဖူးကြဟန်လည်း မတူဘူး။ 'ဗကပ တွေက တရုတ်ပြည်ကြီးကြည့်ပြီး အံ့သြနေကြမယ်' ဆိုတာမှာတော့ သူတို့ တူနေကြတယ်။ ဗကပ က ၁၉၅၀ ကစပြီး အခုထိ အနီးကပ် နေခဲ့တာပဲ။ သိတာပေါ့။ ဘာမှ အံ့သြနေစရာ မရှိဘူး။ သူက အာဏာရပါတီပဲ။ ဗကပ က မတရားသင်း အတိုက်အခံ U/G ပါ။ အိန္ဒိယပါတီတွေနဲ့တောင် မတူဘူး။ သူတို့က O/G တွေ။ နီပေါပါတီတွေနဲ့လည်း မတူဘူး။ ဗကပ က ကိုယ့်နေရာကိုယ်သိတယ်။

(၃) စကားဝိုင်း ဘယ်နေ့က လုပ်တယ်ဆိုတာ မပါဘူး။ ဒါပေမဲ့ ဂျာနယ်ထွက်တဲ့ရက်က ၉ - ၅ - ၂၀၁၀ ဆိုတော့ အဲဒီရက်ရဲ့ရှေ့က တရက်ရက်မှာပဲ ဖြစ်လိမ့်မယ်။ မော်နီတာဂျာနယ်ကလည်း အတွဲ (၁) အမှတ် (၁) ဆိုတော့ ပထမဆုံးထုတ်တဲ့ စာစောင်ပဲ ဖြစ်မယ်။

ရက်စွဲကို အဓိကထားပြီး ရှာကြည့်တာက ဘာကြောင့် ဘာရည်ရွယ်ချက်နဲ့ ဒီဂျာနယ်ထုတ်သလဲ ဆိုတာကို တွေးကြည့်ချင်လို့ပဲ။

အထက်မှာ ပြောခဲ့သလို မိတ်ဆွေတဦးက သတင်းပေးတော့ 'လျှပ်တပြက်' မှာ ပါတာပဲလို့ ထင်ခဲ့တယ်။ မဟုတ်ဘူး။ မွေးဖွားကာစ 'မော်နီတာ' မှာ ပါတာဖြစ်နေတယ်။

<u>တွေးမိတာက</u>

- ဗကပ ကို တိုက်ခိုက်ဖို့ Northern Star ဆိုတာရှိနေပြီပဲ။ ဘာကြောင့် အင်္ဂလိပ်လိုပဲ နာမည်ပေးထားတဲ့ နောက်တခု Monitor ထုတ်ခိုင်းရသလဲ။ ဒီဂျာနယ်မှာ အဖေနဲ့သား အယ်ဒီတာလုပ်ပြီး၊ လျှပ်တပြက်သတင်းအဖွဲ့က ပံ့ပိုးကူညီသည်လို့လည်း ပါနေတယ်။

  ဂျာနယ်ထွက်တဲ့ရက်ရယ်၊ ဂျာနယ်ရဲ့အတွင်းသဘောကိုကြည့်ပြီး တွက်ရတာက
- NLD က ရွေးကောက်ပွဲသပိတ်မှောက်မယ်၊ မှတ်ပုံမတင်ဘူးဆိုတဲ့ ပြတ်သားရဲရင့်မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချတဲ့ ရက်စွဲက (၂၉ - ၃ - ၂၀၁၀)

  အဲဒီ ရယ်ဒီကယ်ဒီမိုကရက်တစ်လမ်းစဉ်ကို တန်ပြန်တိုက်ခိုက်ဖို့ စိတ်ဓာတ်စစ်ဆင်ရေးဆရာကြီးများက စီစဉ်လိုက်တာပဲလို့ ကောက်ချက်ချပါတယ်။

  ဒါကြောင့်လည်း စိတ်ဓာတ်စစ်ဆင်ရေးဆရာကြီးများကို ပွဲထုတ်ပေးတာပါ။ အားလုံးက အသက်အရွယ်ကြီးကြပြီ။ သဘာဝမိခင် အခေါ်ခံကြရတော့မှာပါ။
- ဒဂုန်တာရာကို မလိမ့်တပတ် ဖိတ်ခေါ်တာကတော့ ဒဂုန်တာရာရဲ့ 'ရန်သူမရှိ မိတ်ဆွေရှိ၊ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်ရမယ်' ဆိုတဲ့ အဆိုကို သူတို့လိုသလို အသုံးချချင်လို့ပဲ ဖြစ်မှာပါ။
- သခင်သန်းထွန်းရဲ့ 'သား' ပါလို့ ပြောခဲ့တဲ့ သူကလည်း အခုတော့ သခင်သန်းထွန်းကို စော်ကားနေပါပေါ့လား။ သခင်သန်းထွန်းက အပြောင်အပျက်သရော်စာ ရေးခဲ့တာကိုလည်း အခုတော့ အတည်ယူပြီး အပုပ်ချနေပါပေါ့လား။

(၄) <u>အဓိကအကျဆုံးမှတ်ချက်</u>

- ဗကပ ကို လက်စတုံးသတ်ဖို့ စစ်အုပ်စုနဲ့ သူတို့ပေါင်းခဲ့ကြတယ်။
- စာအုပ်စာတမ်းတွေ အများကြီး စစ်အုပ်စုအလိုကျ ရေးခဲ့ကြတယ်။
- ဒါပေမဲ့ ဗကပ မသေဘူး။ အဲဒီတော့ ဗကပ 'လက်ကျန်' စာရင်းကို ကောက်ကြည့်တယ်။
- NLD က ရယ်ဒီကယ်လမ်းစဉ်ချလာပြီဆိုတော့ ရယ်ဒီကယ်အကျဆုံး 'ဗကပ' ကို ဦးတည်လာတာပါပဲ။ မဆန်းပါဘူး။

(၅) <u>ဗကပ ရဲ့ သဘောထား</u>

- ဒါကတော့ ကြုံလို့ရေးတာပါ။

- နေဝင်း မဆလ "ကျေးဇူး" ကြောင့် ဆိုရှယ်လစ်စကားပြောတဲ့ ပါတီနဲ့ မာ့က်စ်ဝါဒလေ့လာသူ သိသိသာသာ မရှိတော့တာ၊ လျော့နည်းသွားတာကို တွေ့ရှိရပါတယ်။ 'မာ့က်စ်ဝါဒ ကျဆုံးပြီ' လို့ ရေးတာပြောတာတောင် တွေ့ရပါတယ်။ ဒီလို အခြေအနေမှာ -
- မာ့က်စ်ဝါဒကို ရပ်ခံကာကွယ်သူတိုင်းကို လေးစားပါတယ်။
- မာ့က်စ်ဝါဒကို ဗကပ က တဦးတည်းပိုင် ကန်ထရိုက်ဆွဲထားတာ မဟုတ်ပါ။
- ဗကပ ပါတီဝင်တိုင်း မာ့က်စ်ဝါဒီတွေ ဖြစ်ရမယ်။ တဖက်ကလည်း ပါတီပြင်ပမှာ မာ့က်စ်ဝါဒီတွေ ရှိတယ်ဆိုတာ အသိအမှတ်ပြုရမယ်။ ဒါဟာ လက်ရှိ 'ဗကပ' ဗဟိုရဲ့ သဘောထားပဲ။
- တရုတ်ကွန်မြူနစ်ပါတီ (CPC) က ဆိုရှယ်လစ်တော်လှန်ရေးတည်ဆောက်ရေးကို သူ့နည်းနဲ့သူ လုပ်နေတယ်။ ဆိုဗီယက်ပါတီ လမ်းကြောင်းနဲ့ ခွဲခဲ့တာ ၁၉၆၀ လွန်လောက်ကပဲ။

  ဗကပ က စောင့်ကြည့်နေတယ်။ သူ့လမ်းက ခရီးပေါက်ရင် ကိုယ်ကလည်း ဆိုရှယ်လစ်တော်လှန်ရေးအဆင့် ရောက်ရင် လိုက်လုပ်တာပေါ့။ သူ့လမ်းကြောင်းက သဝေထိုးသွားရင်လည်း သင်ခန်းစာ အဖြစ်ပဲ သဘောထားမှာပေါ့။ ဘာမှ အံ့သြစရာမရှိဘူး။
- CPC နဲ့ တရုတ်ပြည်ရဲ့ အခြေခံအကျိုးကျေးဇူးက တမျိုး။ CPB နဲ့ ဗမာပြည်ရဲ့အကျိုးစီးပွားက တမျိုး။ ဘယ်တော့မှ တထပ်တည်းရှိတာ မဟုတ်။ တိုင်းပြည်က (၂) ပြည်။ ပြည်သူက (၂) ရပ်။ ပါတီက (၂) ခု။ ဘယ်လိုလုပ်ပြီး တထပ်တည်း တူနိုင်ပါ့မလဲ။ သူ့လမ်းကိုယ့်လမ်း လျှောက်ကြရတာပဲ။
- ကွန်မြူနစ်အင်တာနေရှင်နယ် (Comintern) ဖျက်သိမ်းတာ နှစ် (၇၀) နီးပါး ရှိတော့မယ်။ ကွန်မြူနစ်ပါတီတွေဟာ တန်းတူတယ် - လွတ်လပ်တယ် - တဦးကိုတဦး ဝင်မစွက်ကြဘူး - လိုအပ်ရင် အပြန်အလှန်တိုးတိုးတိတ်တိတ်ဝေဖန်မယ် ဆိုတဲ့မူ (၄) ရပ်နဲ့ပဲ ဆက်ဆံနေကြတာပဲ။
- ဗကပ က သင်ခန်းစာတွေရပြီးဖြစ်လို့ ဘယ်နိုင်ငံကြီးရဲ့ နိုင်ငံခြားရေးပေါ်လစီနောက်ကိုမှ တကောက်ကောက် လိုက်နေမှာလည်း မဟုတ်ဘူး။ သူ့ရန်သူကို ကိုယ့်ရန်သူလို့ မသတ်မှတ်သလို ကိုယ့်ရန်သူကို သူ့ရန်သူအဖြစ် သတ်မှတ်ပေးပါလို့ တောင်းဆိုနေမှာ မဟုတ်ဘူး။

(၆) ကိုတင်မြ၊ ကိုချစ်လှိုင်၊ ကိုလှကွန်းတို့ကို ပြောချင်တာက မသိရင် မပြောဘဲနေပါ။ တတ်ယောင်ကား မလုပ်ပါနဲ့။ 'ဗီကင်းပြန်တင်ရှိန်' ကို တချို့ကိစ္စ မေးကြည့်ပါ။ သူက တရုတ်ဗမာ ပါတီ (၂) ခုရဲ့ ဆက်ဆံရေးရဲ့ အပိုင်းတပိုင်းကို သူသိသလောက် ပြောလိမ့်မယ်။ သူက သူ့အစ်ကို ကိုခင်မောင်ကြီး မကွယ်လွန်မီအထိ တော်လျှောက်ဆက်သွယ်နေတာပဲ။ ဗိုလ်ခင်ညွန့် တာဝန်ပေးထားလို့ လုပ်တာပဲ။ နောက် စကားဝိုင်းလုပ်ရင် သူ့ကိုပါဖိတ်ဖို့ မြတ်ခိုင်ကို အကြံပေးပါ။

ဒဂုန်တာရာကိုတော့ နောက်မှာ ဖိတ်ဝံ့တော့မယ် မထင်ဘူး။ သူက ဂျက် (ချက်) ကျတဲ့ မှတ်ချက်နဲ့မေးခွန်း မေးတတ်လို့ပဲ။ သူကလည်း လူတွဲနဲ့ လာရရှာတာပါ။ လူကြီးကို အဲဒီလို မလိမ့်တပတ်လုပ်တာ မကောင်းပါဘူး။ မြတ်ခိုင်ကို ဆင်ခြင်ဖို့ ပြောပေးပါ။

ခင်ဗျားတို့ရေးသမျှဖတ်တဲ့ ပရိသတ်တဦးအဖြစ် ဗကပ က ရှိနေမှာပါ။ ကိုသက်တင်အကြောင်းရေးတာလည်း ဖတ်ရပါတယ်။ သူ့သား (၂) ယောက် အပြင် သမီးတယောက်လည်း ရှိပါတယ်။ ကျဆုံးသွားတာက တယောက်ပဲ။ သားတစ်၊ သမီးတစ်က အသံလွှင့်ရုံမှာ လုပ်သွားခဲ့တာပါ။ ပါတီဇာတ်ခေါင်းကွဲတော့ သူတို့လည်း လွင့်သွားကြတယ်။ (နဂိုက သခင်ဗသိန်းတင်က သူတို့ကို မွေးစားထားတာပဲ။) အခုတော့ သူတို့နဲ့ အဆက်မရပါဘူး။ ကိုသက်တင်သားတယောက်ကတော့ သူ့အဖေဆီ သွားသေးသလိုလို ကြားရတယ်။ မသေချာဘူး။

အခု ဗကပ ကို ရှေ့ဆောင်နေတာက ၁၉၆၂ နောက်ပိုင်း ပါတီထဲရောက်လာတဲ့ ဒုတိယမျိုးဆက်နဲ့ ၁၉၈၈ နောက်ပိုင်း ပါတီဝင်ဖြစ်လာတဲ့ တတိယမျိုးဆက်ပါ။